# 2 ကွာရှင်းခြင်း

## 2-2 ကွာရှင်းခြင်းနှင့်ကလေး

ဂျပန်နိုင်ငံ၏ဥပဒေတွင် အသက် ၂၀ နှစ်မပြည့်သေးသော သားသမီးရှိလျှင် အုပ်ထိန်းပိုင်ခွင့်ရှိသူကို မသတ်မှတ်နိုင်သေးပါက ကွာရှင်းပုံစံကို လက်ခံမည် မဟုတ်ပါ။

ကွာရှင်းပြီး ရက် ၃၀၀ အတွင်း မွေးဖွားလာသောကလေးသည် မူအားဖြင့် သန်းခေါင်စာရင်းပါ ယခင်လင်ယောကျ်ားသာလျှင် ဖခင်ဖြစ်ပါသည်။ (တရားမ ဥပဒေအပိုဒ် ၇၇၃) မိဘအရင်းလွဲမှားနေလျှင် မိဘတော်စပ်မှုမရှိကြောင်းအတည်ပြုမှု ဦးတိုက်လျှောက်ထားခြင်း စသည့် လုပ်ထုံးလုပ်နည်းများဆောင်ရွက်ရန် လိုအပ်သည်။

ကွာရှင်းပြီးနောက် သားသမီး၏အုပ်ထိန်းပိုင်ခွင့်ရှိကြောင်း စသည်ကို မသတ်မှတ်နိုင်သေးခင် မိဘ တစ်ဦးဦးက ရင်သွေးကို ပြည်ပသို့ ခေါ်ဆောင်သွားခဲ့လျှင် တစ်ဖက် မိဘက သည်ဟော့ဂ် သဘောတူစာချုပ်ကို အခြေခံပြီး ရင်သွေးကို ပြန်ပေးရန် လျှောက်ထားလာသည့်အခါ မူအားဖြင့် ကလေးကို မူလကနေထိုင်ခဲ့သည့် နိုင်ငံသို့ အမြန်ဆုံး ပြန်ပို့မည်ဖြစ်သည်။ (ကလေးလုယူမှုနှင့်သက်ဆိုင်သော သည်ဟော့ဂ်သဘောတူစာချုပ် ၁၉၈၀) အချို့နိုင်ငံများတွင် ပြန်ပေးစွဲမှုစသည့် ပြစ်မှုမြောက်သည့် အနေအထားမျိုးလည်း ရှိပါသည်။